လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** October 2025

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်** **နေပြည်တော်**

၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို (၁၀-၁၀-၂၀၂၅) ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တက်ရောက် အမှာစကားပြောကြားရာတွင် **“အပြည်ပြည်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့”** အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွက် **“Fund Resilience, Not Disasters” “ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး”** ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ် ပါကြောင်း၊ Emergency Events Database (EM-DAT) အရ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိခိုက်မှုများပြားသော သဘာဝဘေး အန္တရာယ်ဖြစ်ပွားမှုပေါင်း ၃၉၃ ခုကြောင့် ဘေးသင့်လူဦးရေ ၁၆၇.၂ သန်းကျော်၊ သေဆုံးသူ ၁၆,၇၅၃ ဦး ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာ ထိခိုက် ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၁.၉၅ ဘီလီယံ ရှိခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ နေအိမ်၊ စာသင်ကျောင်း စသည်တို့အပြင် လျှပ်စစ်၊ ပို့ဆောင်ဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၇၉၇၉ ဘီလီယံကျော် ရှိခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင် လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ငလျင်ဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူများ လက်တွဲညီစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်းအရ ထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံး ၁၀ နိုင်ငံအနက် ဆဋ္ဌမမြောက် နေရာတွင် ပါဝင်နေပါသဖြင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများကို ဦးစားပေး အဆင့်အနေဖြင့် အစဉ်တစိုက် အလေးထားလုပ်ဆောင်ကြရန်အလွန်အရေးကြီးပါကြောင်း၊ သဘာဝ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရန် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတိုင်းတွင် သာမက မိမိတို့၏ နေ့စဉ်ဘဝလုပ်ငန်း ဆောင်ရွက်မှုတိုင်းတွင်ပါ သဘာဝဘေးလျော့ပါးရေးကို

ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ သာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အစီအမံများတွင် ရန်ပုံငွေကို ပိုမိုထည့်သွင်းရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres ၏ သတင်းစကားရုပ်သံနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေး စီမံခန့်ခွဲမှုမှတ်တမ်းတင်ဗွီဒီယိုတို့ကို ပြသခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ကျောင်းသား/ ကျောင်းသူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်



**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ၁၆ ရက်** **ကမ္ဘောဒီးယားနိုင်ငံ**

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် (၁၅-၁၀-၂၀၂၅) ရက်မှ (၁၇-၁၀-၂၀၂၅) ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံ သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး ပထမနေ့ (၁၅-၁၀-၂၀၂၅) ရက်နေ့တွင် (၁၃) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးကို ကျင်းပခဲ့ရာ အာဆီယံ အတွင်းရေးမှူးချုပ် DR. KAO KIM HOURN ၊ ကမ္ဘောဒီးယားနိုင်ငံ၏ Senior Minister ၊ First Vice President နှင့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌ H.E. KITTE SANGAHAK BANDITH KUN KIM တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများက နိုင်ငံအလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲလုပ်ဆောင်နေမှုများကို ပြောကြားကြရာ၌ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ် အခြေအနေတုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Disaster Management and

Emergency Response - AADMER) ကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ပြည့်ပြီ ဖြစ်ပါကြောင်း၊ အာဆီယံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများအလိုက် ဖွဲ့စည်းထားရှိသော အသိုက် အဝန်း (၃) ခုတို့အနေဖြင့် မိမိတို့ တာဝန်ယူထားသည့် ကဏ္ဍနှင့် လုပ်ငန်းများကို ဒေသတွင်းသဘာတူညီချက် များနှင့်အညီ စုစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွား ခဲ့သော မန္တလေးငလျင်ကြီး တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre ၏ ညှိနှိုင်းဆောင်ရွက်ပေးမှုများ၊ အာဆီယံ နိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ လာရောက်ကူညီ ဆောင်ရွက်ပေးမှုများနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့ ခဲ့မှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် အဆိုပါကူညီမှု များသည် တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်း သော တုံ့ပြန်မှု " One ASEAN, One Response" မှုကို လက်တွေ့ ပြသနိုင်ခဲ့မှု ဖြစ်ပါကြောင်း၊ ထို့အပြင် AADMER Work Programme 2021-2025 ပါ လုပ်ငန်း များကိုလည်း အတူလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ ယခုဆိုရင် AADMER Work Programme 2026-2030 ကို အတည်ပြုပြီး ဖြစ်သည့်အတွက် စီမံခန့်ခွဲဆောင်ရွက်မှု အစဉ်အလာ ကောင်းများ၊ အတွေ့အကြုံကောင်းများကို အသုံးချပြီး အရှိန်အဟုန်ဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပိုမိုဘေးကင်း လုံခြုံပြီး ဘေးအန္တရာယ် များမှ ခံနိုင်ရည်ရှိသော အာဆီယံ ဖြစ်လာစေရေး AADMER 2026-2030 အကောင်အထည် ဖော်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ အတွင်းရေးမှူးချုပ် DR. KAO KIM HOURN နှင့် သီးခြားတွေ့ဆုံ၍ ငလျင်ဘေးတုံ့ပြန်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းဆောင် ရွက်နေမှုများ၊ ဒေသတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်နေမှုများကို အပြန်အလှန် အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ပြီး ညပိုင်း တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက တည်ခင်းသော ဂုဏ်ပြု ညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး ဒုတိယနေ့ (၁၆-၁၀-၂၀၂၅) ရက် တွင် ပြည်ထောင်စုဝန်ကြီးသည် အခြားသော အာဆီယံ နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Samdech Moha Borvor Thipadei Hun Manet နှင့် တွေ့ဆုံခဲ့ပြီး (၁၃) ကြိမ်မြောက် အာဆီယံ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား နှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုနေ့ အထိမ်းအမှတ်အခမ်းအနားများသို့ တက်ရောက်ခဲ့ပါသည်။

ထို့နောက် (၅) ကြိမ်မြောက် အာဆီယံ-တရုတ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ် စီမံ ခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည် ဖော်နိုင်မှု အခြေအနေများ၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေး ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတ နိုင်ငံက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်း အစီအစဉ် (၂၀၂၁-၂၀၂၅) ရေးဆွဲ၍ ပူးပေါင်းအကောင် အထည်ဖော် ဆောင်ရွက် ခဲ့သည့်အတွက် ဒေသတွင်း ရလာဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီး ကြုံတွေ့ ခံစားရချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များချက်ချင်း စေလွှတ်ပေးခဲ့မှု၊ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကူညီပေး ခဲ့မှုများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံရင်ဆိုင် နိုင်သည့် အာဆီယံဒေသဖြစ်စေရေး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများတွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေး ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင်(၅)ကြိမ်မြောက် အာဆီယံ-ဂျပန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကိုဆက်လက်ကျင်းပခဲ့ရာပြည်ထောင်စုဝန်ကြီး က ဂျပန်နိုင်ငံ အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ထောက်ပံ့ ပို့ဆောင်ရေးစနစ် (Disaster Emergency Logistic System for ASEAN- DELSA) ထူထောင်ခြင်းအပါအဝင်အာဆီယံသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင်စဉ်ဆက်မပြတ်ပူးပေါင်း ဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မန္တလေး ငလျင်ကြီးတုံ့ပြန် ဆောင်ရွက်ရေးတွင် ဂျပန်နိုင်ငံက ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့များနှင့် ကယ်ဆယ်ရေး ပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့မှုအတွက် ကျေးဇူး တင်ရှိပါကြောင်း ပြောကြားခဲ့ပြီး (၄) ကြိမ်မြောက် အာဆီယံ-ကိုရီးယား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်းအဝေးသို့ ဆက်လက် တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးများအပြီးတွင် ၂၀၂၅ ခုနှစ် အာဆီယံ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံက ၂၀၂၆ ခုနှစ်အတွက် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားနိုင်ငံသို့ ဥက္ကဋ္ဌတာဝန် လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

အဆိုပါဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်သည့် အာဆီယံသဘာဝဘေးအန္တရာယ် စီမံ ခန့်ခွဲမှုဆိုင်ရာ (၄၇) ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီး များ အစည်းအဝေးများကို (၁၃-၁၀-၂၀၂၅) ရက်မှ (၁၄-၁၀-၂၀၂၅)ရက်အထိ မလေးရှားနိုင်ငံတွင်ကျင်းပ ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်




**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်** **နေပြည်တော်**

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာမွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို (၁၄-၁၀-၂၀၂၅) ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊စုပေါင်းအစည်း အဝေးခန်းမ၌ကျင်းပခဲ့ရာဒုတိယဝန်ကြီးဒေါက်တာသန်းစိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင်တန်းသား/သူများ တက်ရောက်ခဲ့ ကြပါသည်။

အခမ်းအနား၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အဖွင့်အမှာစကားပြောကြားရာတွင် ကလေးသူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် အရေးပါသူများဖြစ်သောကြောင့် စနစ်ကျ သည့်ပြုစု စောင့်ရှောက်မှုများလိုအပ်ပြီး ပံ့ပိုးပေးသည့် မိဘအုပ်ထိန်းသူများ၊ မူလတန်းကြိုဆရာမများမှာစွမ်းရည် ပြည့်ဝရန် လိုအပ်ပါကြောင်း၊ ကလေးသူငယ်များ၏ ငယ်စဉ်ကာလသည် အနာဂတ်ခရီးကို ပုံဖော်ရန် လမ်းပြ မြေပုံချမှတ်ပေးရသည့် အချိန်ဖြစ်ပါသဖြင့် မူလတန်း ကြိုဆရာ/ ဆရာမများ အနေဖြင့် ကလေးသူငယ်ဖွံ့ဖြိုး

တိုးတက်မှုကို နားလည်ထားရမည်ဖြစ်ပြီး မွေးစမှအသက်ရှစ်နှစ် အရွယ်အထိ ကာလသည် ဦးနှောက်အလျင်အမြန်ကြီးထွားနေသည့်အချိန် ဖြစ်သောကြောင့် အတွေ့အကြုံနှင့်သင်ယူမှုများသည် ဦးနှောက်၏ ဗိသုကာပုံစံကို ထုဆစ်ပုံဖော်နေသည့်ကာလဖြစ်ပါကြောင်း၊ရှေးဦးအရွယ်ကလေးသူငယ်ဘဝမှာအခြေခံအလေ့အကျင့်ကောင်းများ ရရှိစေခြင်းဖြင့် အနာဂတ် သက်တမ်းတစ်လျှောက် အခက်အခဲ စိန်ခေါ်မှုများကို ဖြတ်ကျော်နိုင်မှုနှင့် လေ့လာသင်ယူနိုင်မှု စွမ်းရည်များကို တည်ဆောက်နိုင်မှုစသည့် အရည်အချင်းကောင်းများကို ရရှိစေမည်ဖြစ်သောကြောင့် မူကြိုဆရာမများ၏ စွမ်းရည်သည် အနာဂတ် နိုင်ငံတော်ထူထောင်ရေးတွင် အရေးကြီးပါကြောင်း၊ ကလေးဘဝအရွယ်၏ ဦးနှောက်ဖွံ့ဖြိုးမှုသည် သိမှုဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအပါအဝင် ကာယဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှု အစရှိသည်ဖြင့် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသောကြောင့် ပတ်ဝန်းကျင်၏လှုံ့ဆော်မှုသည်လည်းအရေးကြီးပါကြောင်း၊ ကလေးဖွံ့ဖြိုးမှုအတွက် ပံ့ပိုးမှုပေးပြီး စိတ်ချရသည့်ပတ်ဝန်းကျင်တစ်ခုသည် ကလေးတစ်ဦး၏ အနာဂတ်သင်ယူမှုအပေါ် ထိရောက်သည့် စွမ်းရည်များကို ပုံဖော်နိုင်မှာဖြစ်သောကြောင့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးမှုအခြေအနေ တိုင်းတာစစ်ဆေးရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (Early Childhood Intervention – ECI) လုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူသွားရမည် ဖြစ်ကြောင်း၊ ကလေးတစ်ဦးချင်းစီ၏ ဖွံ့ဖြိုးမှု မှတ်တိုင်များသည် အသက်အရွယ်အလိုက်ဆင့်ကဲဖြစ်စဉ်များဖြစ်သောကြောင့် မွေးစမှ အသက် ၅ နှစ်အရွယ်အထိ ကလေးများ၏ အခြေအနေကို အကဲဖြတ်နားလည်ခြင်းသည် မူကြိုဆရာမများအတွက် အရည်အချင်းမြင့်သည့် ကျွမ်းကျင်မှုများ ဖြစ်ပါကြောင်း၊ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုကို နားလည်သည့် ဆရာမတစ်ဦးဖြစ်မှသာ ကလေးတစ်ဦးချင်းစီ၏ စွမ်းရည် အပြည့်အဝဖွံ့ဖြိုးရန်အတွက် အမှန်တစ်ကယ်ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ကဏ္ဍအတွက် ချမှတ်ထားသည့် မူဝါဒများ၊ မဟာဗျူဟာများ၊ ဥပဒေများ၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် စီမံခန့်ခွဲမှု နည်းလမ်းများ၊ သင်ရိုးညွှန်းတမ်းအခြေပြု သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း၊ မိဘရပ်ရွာအသိပညာပေးခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ကောင်းစွာ အသုံးပြုတတ်အောင် သင်ယူလေ့လာသွားကြစေလိုကြောင်း၊ကလေးများကိုပြုစုပျိုးထောင်ပေးခြင်းများသည် အနာဂတ်အတွက် အားထားရသူများဖြစ်လာစေရေး ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် စေတနာထားပြီး ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို (၂၈-၁၀-၂၀၂၅) ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ (၈) ရပ်အနက် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေ ခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အနေဖြင့် အဆိုးရွားဆုံး ပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈) အရ ကျူးလွန်သူကို တရားစွဲဆိုခြင်း၊ ကလေး သူငယ်ကို အကာအကွယ်ပေးခြင်း၊ လိုအပ်သော ထောက်ပံ့မှုများပေးခြင်းတို့ကို အလေးပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ကလေးလုပ်သားစစ်တမ်း ၂၀၂၄-၂၀၂၅ အစီရင်ခံစာအရ တိုင်း ဒေသကြီး/ ပြည်နယ် ၁၀ ခုရှိ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးသူငယ် ၈၂ ဦးတို့အား လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု နည်းလမ်းများနှင့်အညီ ကွင်းဆင်း ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် အကောင် အထည်ဖော်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာများ၊ လစဉ်အစီရင်ခံစာများကို အမျိုးသားကော်မတီသို့ ပုံမှန်ပေးပို့တင်ပြလျက်ရှိပါကြောင်း၊ အရည်အသွေးပြည့်ဝသော လုပ်သားကောင်းများ ရရှိစေရေး အတွက် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းသား/ သူများအတွက် သက်မွေးပညာသင်တန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဒုတိယငါးနှစ်စီမံချက်မှာ၂၀၂၄ခုနှစ်မှ ၂၀၂၈ ခုနှစ် အထိဖြစ်ပြီး လုပ်ငန်းကော်မတီအနေဖြင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်တွင် ပါရှိသော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) မှ အဆိုးရွားဆုံး ပုံစံဖြင့် ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသူများကလုပ်ငန်းဆောင်ရွက်ချက်များအပေါ်သုံးသပ်တင်ပြ၍ ရှေ့လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးခဲ့ ကြပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ



**“ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး”** ဟူသော ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို (၁-၁၀-၂၀၂၅) ရက်တွင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ အသီးသီးကျင်းပခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့်ဇနီးများ၊တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် အတွင်း ရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊တိုင်းဒေသကြီး/ပြည်နယ်များမှသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်မှ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဘိုးဘွားရိပ်သာ

များမှ ကိုယ်စားလှယ်များ၊ အသက်(၈၅)နှစ်နှင့်အထက် ကန်တော့ခံ ဘိုးဘွားများနှင့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများ တက်ရောက်ခဲ့ပါသည်။



အခမ်းအနားတွင်ရန်ကုန်တိုင်းဒေသကြီးသက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှအဘိုးအဘွားများမှ **"သက်ကြီးပုဂ္ဂိုလ်ဂုဏ်ပြုတေး"** သီချင်းဖြင့် အခမ်းအနားစတင် ဖွင့်လှစ်ခဲ့ပြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများမှ ယိမ်းအဖွဲ့ဖြင့်လည်းကောင်း၊ **"Chair Based Exercise"** သရုပ်ပြသခြင်းတို့အားလည်းကောင်း၊ ရွှေသံလွင်ဘိုးဘွား ရိပ်သာမှ ဘိုးဘွားများမှ **"ခေါင်းကလေးညိမ့်လိုက်ပါ"** သီချင်းဖြင့်လည်းကောင်း အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား/သူများမှ လည်းကောင်း ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီး ပုဂ္ဂိုလ်များနေ့ အခမ်းအနားအတွက် Video Clip ပြသခဲ့ ပါသည်။



ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အဘိုး/ အဘွားများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများပေးအပ်ပြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင် စကားပြောကြားကာ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများမှ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါသည်။

## "စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုရေးပင်စင်၊ MCCT နှင့် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများသို့ ထောက်ပံ့ငွေပေးအပ်ပွဲ" အခမ်းအနားကျင်းပ (ကယားပြည်နယ်)



ကယားပြည်နယ်အတွင်းရှိ "စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုရေးပင်စင်၊ MCCT နှင့်ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများသို့ ထောက်ပံ့ငွေပေးအပ်ပွဲ" အခမ်းအနားကို (၂-၁၀-၂၀၂၅) ရက်တွင် ကယားပြည်နယ်၊ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယား ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှ MCCT အကျိုးခံစားသူများ၊ ပညာဝေဖြာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများနှင့် ပြည်နယ်ဘိုးဘွားရိပ်သာတို့အား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှကိုယ့်အားကိုယ်ကိုးမှုကြိုကျောင်း (၁၁)ကျောင်း၊ လင်းရောင်ခြည် အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့လည်းကောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးရာဝန်ကြီးမှ လူမှုရေးပင်စင်ခံစားနေသူများနှင့် တက်သစ်စ အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ လည်းကောင်း ထောက်ပံ့ငွေများအား အသီးသီးပေးအပ် ချီးမြှင့်ခဲ့ပါသည်။

## မန္တလေးမြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ရပ်ရွာအခြေပြု စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



မန္တလေးမြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ ကြီးကြပ်မှုဖြင့် ရပ်ရွာအခြေပြု ကျားရှပ် (အခြေခံနှင့် အဆင့်မြင့်) စက်ချုပ်သင်တန်းကို (၁၈-၈-၂၀၂၅) ရက်မှ (၁၀-၁၀-၂၀၂၅) ရက်အထိ မန္တလေးလူငယ်သင်တန်းကျောင်း၌ ဖွင့်လှစ် သင်ကြားခဲ့ပြီး သင်တန်းကာလပြီးဆုံးပြီဖြစ်ပါသဖြင့် သင်တန်းဆင်းပွဲ အခမ်းအနားအား (၁၀-၁၀-၂၀၂၅) ရက်တွင် မန္တလေးလူငယ်သင်တန်းကျောင်း၊ ဘက်စုံသုံးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ သင်တန်းဆင်းပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ် ဒေါ်စောယုသွယ်၊ မန္တလေးလူငယ်သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## “အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သောကလေးများအား ပြုစုစောင့်ရှောက်ပုံနည်းစနစ်သင်တန်း” ဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ကြီးမှူး၍ မန္တလေးမြို့၌ ဖွင့်လှစ်သော “**အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်သောကလေးများအား ပြုစုစောင့်ရှောက်ပုံနည်းစနစ်သင်တန်း**”(၁၉-၁၀-၂၀၂၅) ရက်တွင်ဖွင့်လှစ်ခဲ့ရာတိုင်းဒေသကြီးဦးစီးမှူးဦးသက်လှိုင်ထွန်းက ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေး ဥပဒေ ဘာသာရပ်များ ပို့ချခြင်းနှင့် ပုဂ္ဂလိက မသန်စွမ်းကျောင်းများ၏ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရာတွင် လိုအပ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား/ သူများမှ တင်ပြချက် များနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

## တိုင်းဒေသကြီးအဆင့် အမျိုးသမီးကော်မတီအစည်းအဝေး ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး၊ ဦးသက်နိုင် ဦးဆောင်သော တိုင်းဒေသကြီးအဆင့် အမျိုးသမီးကော်မတီအစည်းအဝေးကို (၂၇-၁၀-၂၀၂၅) ရက်တွင် ထားဝယ်မြို့၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ကျင်းပ ပြုလုပ်ခဲ့ပါသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးအဆင့် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး၊ ဦးသက်နိုင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီးတိုင်းဒေသကြီးအဆင့် အမျိုးသမီးကော်မတီ အတွင်းရေးမှူး၊ ဒေါ်ဆွေဆွေလင်းကတနင်္သာရီတိုင်းဒေသကြီးအမျိုးသမီးကော်မတီဖွဲ့စည်း တာဝန်ပေးအပ်မှုများ၊ (၁-၁-၂၀၂၅) ရက်မှ (၃၀-၉-၂၀၂၅) ရက်အထိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များဖြစ်သည့်တိုင်းဒေသကြီး၊ခရိုင်နှင့်မြို့နယ်အဆင့်အမျိုးသမီးကော်မတီအစည်းအဝေးများ ကျင်းပဆောင်ရွက်ခဲ့ခြင်း၊ ဌာနဆိုင်ရာများသို့ အသိပညာပေး ဟောပြောခြင်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အခြေခံပညာကျောင်းများသို့ GENDER, CEDAW, NSPAW နှင့် UNSCR1325 အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ပြီးစီးမှုများ၊အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်သည့် အကြမ်းဖက်ခံရသော ကော့သောင်းခရိုင်မှ အမျိုးသမီးငယ်တစ်ဦးနှင့် ကော့သောင်း အကျဉ်းထောင်အတွင်းရှိ အကျဉ်းသူ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား ထောက်ပံ့ကြေးပေးအပ်မှုများ၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ခြင်းများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ် များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များမှ အထွေထွေဆွေးနွေးတင်ပြ၍ တိုင်းဒေသကြီးအဆင့် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး၊ ဦးသက်နိုင်မှ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁-၁၀-၂၀၂၅) ရက်တွင်ဧရာဝတီတိုင်းဒေသကြီး၊လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ရေဆိုင်ကျေးရွာအုပ်စု၊ အတွင်းရေဆိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ (၂-၁၀-၂၀၂၅) ရက်တွင် ဉာဏ်ကွင်းကံကျေးရွာအုပ်စု၊ ဉာဏ်ကွင်းကံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကိုအသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၂-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သူနာပြုသင်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကိုအသိပညာပေးဟောပြောခြင်းနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၄-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊

ဘိုကလေးမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း (နတ်ချောင်း)၌ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် (၂၄-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ် (၂)၊ (၄)၊ (၅)၊ (၆) နှင့် အမှတ် (၇) ရပ်ကွက်တို့၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို လှည့်လည်အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



သရက်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၁၀-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (စိန်မေရီ)၌ သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



တောင်တွင်းကြီးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၂-၁၀-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က ဆတ်သွားကျောင်း၌ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် မိုးရွာသွန်းမှုနှင့် ဘီလူးချောင်း ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့ရာ (၁၇-၁၀-၂၀၂၅) ရက်မှ (၂၃-၁၀-၂၀၂၅) ရက်အထိ ရေဘေးဖြစ်ပွားချိန်နှင့် ရေပြန်လည်ကျဆင်းချိန်တို့တွင် လိုက်နာရမည့် ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၁-၁၀-၂၀၂၅) ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ အ.မ.က (ကရပ်ပြင်) (တောင်/ မြောက်) ကျောင်းပြင်ပပညာရေးကျောင်း၌လည်းကောင်း၊(၂၂-၁၀-၂၀၂၅)ရက်တွင်ထားဝယ်မြို့နယ်၊ အ.မ.က (မြို့တွင်း) နှင့် အ.မ.က (အနောက်) စာသင်ကျောင်း၌လည်းကောင်း၊(၂၃-၁၀-၂၀၂၅)ရက်တွင် ထားဝယ်မြို့နယ်၊ အ.မ.က (ပိန္နဲတော)နှင့် အ.မ.က (အိုးလုပ်)စာသင်ကျောင်းတို့၌လည်းကောင်း၊(၂၄-၁၀-၂၀၂၅)

ရက်တွင် ထားဝယ်မြို့နယ်၊ အ.မ.က (ဝဲကျွန်းညောင်ရမ်း) နှင့် အ.မ.က (ညောင်ရမ်း)၊ အ.မ.က (ပုံကျွန်း)၊ အ.မ.က (ရှမ္မလည်ဆွဲ)နှင့် အ.မ.က (တလိုင်မ) စာသင်ကျောင်းတို့၌ လည်းကောင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း Talk Show ပြုလုပ်ခြင်း




ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် လျှပ်စီးဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။




ချောက်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၁၀-၂၀၂၅) ရက်နှင့် (၉-၁၀-၂၀၂၅) ရက်များတွင် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။



ဂန့်ဂေါမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၆-၁၀-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး Talk Show အစီအစဉ်ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း ဇာတ်တိုက်လေ့ကျင့်ခြင်း



ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ စက်တော်ရာဘိုးဘွားရိပ်သာ၌လည်းကောင်း၊ (၉-၁၀-၂၀၂၅) ရက်တွင် သီရိဝဏ္ဏ ဘိုးဘွားရိပ်သာ၌လည်းကောင်း လျှပ်စီးဘေး အန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအား လူမှုဝန်ထမ်း ဦးစီးဌာန၊မြို့နယ်မီးသတ်ဦးစီးဌာန၊ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုကယ်ဆယ်ရေး အဖွဲ့များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း မီးဘေးထောက်ပံ့ခြင်း

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၆-၁၀-၂၀၂၅) ရက်နှင့် (၇-၁၀-၂၀၂၅) ရက်များတွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်နှင့် သင်ပန်းကုန်းရပ်ကွက်တို့၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေတို့ကို (၉-၁၀-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။





မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၅-၁၀-၂၀၂၅)ရက်တွင်ဧရာဝတီတိုင်းဒေသကြီး၊မအူပင်မြို့နယ်၊ အမှတ် (၁၄) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး နေအိမ်နှင့် တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၅-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ဂန့်ဂေါခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၃၀-၉-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မြောက်ကုန်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက်၊ ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၆-၁၀-၂၀၂၅) ရက်တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၁၀) ရပ်ကွက်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၀-၁၀-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း ရေဘေးထောက်ပံ့ခြင်း



ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း၌ မိုးရွာသွန်းမှုနှင့် ဘီလူးချောင်းရေမြင့်တက် မှုကြောင့် ရေဘေးဖြစ်ပွားခဲ့ရာ ဥတ္တရာရုံ ဘုန်းတော်ကြီးကျောင်းနှင့် ကန္တရဝတီ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးရှောင်စခန်း (၂) ခု၌ ရေဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကို (၁၇-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၃၀-၉-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊ ကန်ရွာလေးကျေးရွာ၌ မိုးအဆက်မပြတ်ရွာသွန်းမှု

ကြောင့် ရေဘေးဖြစ်ပွားခဲ့ရာ ဘေးသင့်သူများအတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေကို (၂-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



တောင်တွင်းကြီးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၃၀-၉-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ စစ်တားကျေးရွာအုပ်စု၊ ငှက်ပျောတောကျေးရွာ၌ ရေဘေး ဖြစ်ပွားခဲ့မှုကြောင့် မျောပါပျက်စီးနေအိမ်များအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို (၉-၁၀-၂၀၂၅) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



တောင်တွင်းကြီးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၃၀-၉-၂၀၂၅) ရက်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဝါးခြမ်းကာကျေးရွာအုပ်စု၊ ဝါးခြမ်းကာကျေးရွာ၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့် ဒဏ်ရာရရှိသူများအတွက်ဒဏ်ရာရထောက်ပံ့ငွေကို(၉-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း လေပြင်းဘေးထောက်ပံ့ခြင်း



ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၀-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ သက္ကယ်ပြင်အုပ်စု၊ ပေါ်သစ်ကျေးရွာ၌ လေပြင်းဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်များနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် သေဆုံးသူများအတွက် သေဆုံး ထောက်ပံ့ငွေတို့ကို (၂၁-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

မြန်အောင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၀-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ကျေးရွာအုပ်စု (၃) အုပ်စုမှ ကျေးရွာခွဲ (၈) ခု တို့၌ လေပြင်းဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၁-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ရေနံချောင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ (၃၀-၉-၂၀၂၅)ရက်တွင်မကွေးတိုင်းဒေသကြီး၊ရေနံချောင်း မြို့နယ်၊ တွင်းကုန်းရပ်ကွက်၊ တွင်းကုန်းတောင်ရပ်၌ မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းဘေးဖြစ်ပွားခဲ့မှု ကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ တို့ကို (၁-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း လျှော်ဘေးထောက်ပံ့ခြင်း

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိ သူများသည် (၂၈-၃-၂၀၂၅) ရက်တွင် မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မဟ္တရာမြို့နယ်၌ လျှော် လှုပ်ခတ်မှုကြောင့် ပျက်စီးဘာသာရေးကျောင်းများနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီး ဘာသာရေးကျောင်းများ အတွက် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကို (၂-၁၀-၂၀၂၅) ရက်တွင် သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း



မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၀-၉-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ဘဝိုင်းအုပ်စု၊ကမ်းနားစု ကျေးရွာနှင့်တူးချောင်းအုပ်စု၊တူးချောင်းကျေးရွာ၌ကမ်းပြို ဘေးကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို(၃၀-၁၀-၂၀၂၅) ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၁-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ဇလွန်မြို့နယ်၊ဖားလက်ခိုအုပ်စု၊ရွှေပေါ်ကျွန်း ကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများ အတွက် ကျောင်းဆောက်/ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေတို့ကို (၁၅-၁၀-၂၀၂၅)ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၄-၉-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၌ ကမ်းပြိုဘေးကြောင့် ပျက်စီးနေအိမ်များနှင့် ကြိုတင် ဖျက်သိမ်းနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး

ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို (၄-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၄-၁၀-၂၀၂၅) ရက်တွင်သွားရောက် ထောက်ပံ့ခဲ့ပါသည်။



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၀-၁၀-၂၀၂၅) ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကူသပိတ်အုပ်စု၊ ကြက်သွန်းခင်း ကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို



ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၁၀-၂၀၂၅) ရက်နှင့် (၁၈-၁၀-၂၀၂၅) ရက်တို့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို (၁၈-၁၀-၂၀၂၅) ရက်တွင်သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း မိုးကြိုးဘေးထောက်ပံ့ခြင်း



မြောင်းမြခရိုင် ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မ မြို့နယ်၊ ကြခတ်ကုန်း ကျေးရွာအုပ်စု၊ ကြခတ်ကုန်း ကျေးရွာ၌ မိုးကြိုးဘေးဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူများ အတွက် သေဆုံးထောက်ပံ့ငွေကို (၁၈-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၉-၁၀-၂၀၂၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ပေါက်တန်းကြီးအုပ်စု၊ သာဒီကုလားစု ကျေးရွာ၌ မိုးကြိုးဘေးဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူများအတွက် သေဆုံးထောက်ပံ့ငွေကျပ်ကို (၂၁-၁၀-၂၀၂၅)ရက်တွင်သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း ထူးခြားဘေးထောက်ပံ့ခြင်း

ကယားပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည်(၁၆-၉-၂၀၂၅)ရက်တွင်ကယားပြည်နယ်၊လွိုင်ကော် မြို့နယ်၊ ဒေါဥခူရပ်ကွက်၌ မိုင်းနင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာ ရရှိသူများအတွက် ဒဏ်ရာရထောက်ပံ့ငွေကို (၁၅-၁၀-၂၀၂၅) ရက်တွင်သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလအတွင်း အခြားဘေးထောက်ပံ့ခြင်း



ဘိုကလေးမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၁၇-၉-၂၀၂၅) ရက်တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ရေကျော်တိုးကျေးရွာအုပ်စု၊ရွာသာအေးကျေးရွာ၌ မိချောင်းကိုက်ခံရမှုကြောင့် ဒဏ်ရာရရှိသူများအတွက် ဒဏ်ရာရထောက်ပံ့ငွေကို (၂၃-၁၀-၂၀၂၅) ရက်တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း အခမ်းအနား (ရန်ကုန်မြို့)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ် အသုံးပြုခြင်းအခမ်းအနားကိုရန်ကုန်မြို့၌(၁၄-၁၀-၂၀၂၅) ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ တက်ရောက်ခဲ့ကြပါသည်။



## မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း အခမ်းအနား (မန္တလေးမြို့)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ် အသုံးပြုခြင်း အခမ်းအနားကို မန္တလေးမြို့၌ (၁၇-၁၀-၂၀၂၅) ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး

ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ တက်ရောက်ခဲ့ကြပါသည်။



## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ



**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်                    နေပြည်တော်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို (၁-၁၀-၂၀၂၅) ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင်ဒုတိယဝန်ကြီးများ၊နေပြည်တော်နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအပါအဝင်ကမ္ဘာ့နိုင်ငံများတွင် ဆေးဘက်ဆိုင်ရာ ကုထုံးအသစ်များ၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာပြီးလူတစ်ဦးချင်း၏မျှော်မှန်းသက်တမ်းများမြင့်တက်လာကာ သက်ကြီး ပုဂ္ဂိုလ်ဦးရေသည် တဖြည်းဖြည်းတိုးပွားလျက် ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ်

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၁ သန်းကျော်အနက် အသက် ၆၀ နှစ်နှင့်အထက်ဦးရေသည် ၆.၁ သန်းကျော် ရှိသည့်အတွက် စုစုပေါင်းလူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် အသက် ၆၀ နှစ် နှင့် အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေသည် ၁၃သန်းခန့်ရှိလာပြီး စုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းထိ တိုးပွားလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်တွင် ၂.၅ ရာခိုင်နှုန်းရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၂.၁ ရာခိုင်နှုန်း ဖြစ်သည့်အတွက် ဆက်လက်ကျဆင်းနေပါကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်းတွင် ၅ နှစ် အောက် ကလေးသေဆုံးမှုနှုန်းသည် ၄ ရာခိုင်နှုန်းနီးပါး ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း မွေးဖွားနှုန်းနှင့် နှိုင်းယှဉ်လျှင် သေဆုံးမှုနှုန်းက ပိုများနေသည်ကို တွေ့ရပါကြောင်း၊ အချိန်ကြာလာသည်နှင့်အမျှ လူဦးရေပြန်ဖြည့်ရန် ခဲယဉ်းလာမည် ဖြစ်ပြီး လူအိုအများစုဖြစ်လာသော Ageing Society ဘဝကို မကြာမီရောက်ရှိလာနိုင်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း ဒေသအလိုက် မတူကွဲပြားသော ပထဝီဝင်အနေအထား၊ ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ ထုံးစံနှင့် ဓနအင်အားတို့အပေါ်အခြေခံပြီး သက်ကြီးပုဂ္ဂိုလ်များအတွက် အစီအမံများနှင့် မူဝါဒများ ချမှတ်၍ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊သက်ကြီးပုဂ္ဂိုလ်များ၏ဘဝ သာယာလှပစေရန် ဖြည့်ဆည်းပေးလိုသောဆန္ဒ၊ ချမ်းသာသုခ ပြည့်ဝစေလိုသော စိတ်စေတနာ၊ ဆောင်ရွက်ပေးနိုင်သော လုပ်ပိုင်ခွင့်များဖြင့် ဘက်စုံထောင့်စုံက ဖြည့်စွမ်းပေးရန်လိုအပ်ပါကြောင်း၊ သက်ကြီးသူများသည် အတွေ့အကြုံ၊ ဗဟုသုတ၊ အသိပညာ၊ အတတ်ပညာများ ပြည့်ဝသူများဖြစ်၍ တက်ကြွသော သက်ကြီးသူများဘဝအဖြစ် ပံ့ပိုးပေးခြင်းအားဖြင့် မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံအကျိုးကိုများစွာ ပံ့ပိုးပေးနိုင်သူများ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို **“ဘဝချမ်းသာ အခွင့်အရေးများရရှိရေး သက်ကြီးသူများဦးဆောင်ပါဝင်ပေး”**ဟုချမှတ်တိုက်တွန်းနှိုးဆော်ထားခြင်း ဖြစ်ပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ ဘဝမြှင့်တင်ရေးနှင့်စောင့်ရှောက်ရေးလုပ်ငန်းကိုဦးဆောင်ဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံသက်ကြီး ရွယ်အိုများဆိုင်ရာကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းပြီးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊သက်ကြီးပုဂ္ဂိုလ်များအတွက်ဘိုးဘွားရိပ်သာတည်ထောင် ခွင့်ပြုမိန့်များထုတ်ပေးခြင်း၊ ဘိုးဘွားရိပ်သာများအား အဆင့်အလိုက် ငွေကြေးထောက်ပံ့ခြင်းနှင့်သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်သည့် နည်းပညာများပံ့ပိုးပေးခြင်းနှင့် တစ်နိုင်ငံလုံးတွင် လူမှုရေးပင်စင် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသက် (၈၅) နှစ် နှင့်အထက် လူမှုရေးပင်စင် (၆)လစာကို သက်ကြီးပုဂ္ဂိုလ် (၁၂၁,၆၂၂) ဦးအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးမှ အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၁၀) သိန်းစီ ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများအား လူသုံးကုန်၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပါသည်။


ဘေးလျော့ပါးရေး


ပြည်တွင်းနေရပ်စွန့်ခွာသူများ
ဆိုင်ရာကိစ္စရပ်များ


လူမှုဝန်ထမ်း
သင်တန်းကျောင်းများ